ပြင်ကြီးကျေးရွာ
ဟိုလိပ် အုပ်စု
ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပြင်ကြီးကျေးရွာ၊ပြင်ဦးလွင်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ဇူလိုင်လ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	**ခ**
စကားချီး	**၁**
ပြင်ကြီးကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပြင်ဦးလွင်မြို့နယ်	၃
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	**၄**
(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၄
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၄
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၅
(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၆
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	၆
(ခ) သဘာဝအရင်းအမြစ်များ	၆
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	၆
(က) လူဦးရေဆိုင်ရာအချက်လက်များ	၆
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၆
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၇
(ဃ) ကျန်းမာရေး နှင့် အာဟာရ	၇
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၇
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၇
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ	၈
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၈
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၈
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၉
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	၉
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၀
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	၁၀
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမှီမှု– လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	၁၁
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	၁၁

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၁

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၁

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၂

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၃

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၄

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၄

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ၁၄

(ဂ) ဦးစားပေး စီမံချက်များ ၁၆

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၁၇

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၁၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၁၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၁၉

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၁၉

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၀

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၀

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၁

(က) ကြီးကြပ်စစ်ဆေးခြင်း ၂၁

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၂

(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၃

(ဃ) ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ၂၄

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက်အဆိုပြုလွှာ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ

အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြင်ကြီး ကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်။

ပြင်ကြီး ကျေးရွာအခြေပြမြေပုံ၊ ပြင်ဦးလွင်မြို့နယ်



အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည် တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင် ထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွနုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ။ ။ ပြင်ကြီး ကျေးရွာသည် ဟိုလိပ်အုပ်စု၊ ပြင်ဦးလွင်မြို့နယ်တွင်ပါဝင်ပါသည်။ ပြင်ဦးလွင်မြို့နယ်၏အရှေ့ဘက်(၂၄)မိုင်ခန့်၊ ဒုဋ္ဌဝတီမြစ်၏အနောက်ဘက် (၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အနောက်ဘက်တွင် ဘန်းသာကျေးရွာတို့တည်ရှိပါသည်။ သမပိုင်းဇုံဒေသတွင် ပါဝင်ပြီးတောင်ပေါ်ဒေသတွင်တည်ရှိပ ါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။ မြေဆီဩဇာအသင့်အတင့်ကောင်းမွန်သော လယ်ယာမြေများ ပေါကြွယ်ဝပါသည်။ အဝီစိတွင်းများနှင့် စိမ့်စမ်းတို့မှရေကို သွယ်ယူစိုက်ပျိုး ကြသည်။ အဓိကစိုက်ပျိုးသီးနှံများမှာစပါး၊ ပြောင်း၊မြေပဲတို့ ကောင်းစွာဖြစ်ထွန်းအောင်မြင်ပြီး ခရမ်းချဉ်၊ ၊မုန်လာထုပ်နှင့်အခြားအသီးအနှံတို့ကိုလည်းစိုက်ပျိုးကြပါသည်။ ကျေးရွာအနီးတွင် ဆန်စင်း၊နွယ်ချိုပင်နှင့်အခြား ဆေးဖက်ဝင်အပင်များလည်းတွေ့ရပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။ ။ ကျေးရွာတွင်အိမ်ထောင်စု (၃၀၉)ရှိပါသည်။ အမျိုးသားစုစုပေါင်း (၆၈၅) ဦးနှင့် အမျိုးသမီးစုစုပေါင်း (၆၈၄) ဦးရှိပြီး၊စုစုပေါင်းလူဦးရေ(၁၃၆၉) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄.၄၃%) ဦးနှုန်းနေထိုင်ကြ၍ တိုင်းပြည်၏ ပျမ်းမျှတစ်အိမ် ထောင်စုလူဦးရေထက် အနည်းငယ်သာနည်းပါးသည်ကို တွေ့ရပါသည်။ နို့စို့အရွယ်ကလေးသူငယ် (၃၉) ဦးရှိပါသည်။ အများစုသောလူဦးရေ (၆၂.၆၇%) သည် ၁၅နှစ်နှင့် ၆၄ နှစ်အကြားအလုပ်လုပ်နိုင်သောအရွယ်များဖြစ်၍ လုပ်သားအင်အားအသင့်တင့်ရှိသည်။ ၆၅နှစ်အထက်သက်ကြီးရွယ်အိုအရွယ်သည် စုစုပေါင်းလူဦးရေ၏ ၂.၉% ရှိပါသည်။ ၅နှစ်မှ၉နှစ်အကြား၊ မူလတန်းကျောင်းသားအရွယ်(၁၁.၉%)၊၁၀နှစ်မှ၁၄နှစ်အကြား အလယ်တန်းကျောင်းသားအရွယ် (၁၁.၁၇%) ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ပြင်ကြီး ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။ တောင်သူလယ်သမား(၈၅၁)ဦးရှိပါသည်။ ပန်းရံလက်သမား၊ လက်လီလက်ကားရောင်းဝယ်ရေး၊စသည့်လုပ်ငန်းများကိုလည်းလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်မြေယာမဲ့(၂.၂၆%) အိမ်ထောင်စုနှင့် ၂.၅ဧကအောက်ပိုင်ဆိုင်သောအိမ်ထောင်စု (၁၀.၃၅%) ရှိပါသည်။ ၂.၅ ဧကအထက်ပိုင်ဆိုင်သော တောင်သူငယ် နှင့် တောင်သူလတ်သည် (၃၂.၆၈%)၊ ၅ ဧကမှ ၁၂.၅ ဧကကြား ပိုင်ဆိုင်သောအိမ်ထောင်စု (၄.၁၂%) နှင့် ၁၂.၅ ဧကအထက် (၁၄.၅၆%) ရှိပါသည်။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ။ ။ ကျေးရွာသည်ဥစ္စာဓန ခွဲခြားမှုနည်းလမ်းအရ မပြေလည်သောအိမ်ထောင်စု (၁၀၁)စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၅၉) စုရှိပြီး၊ ၅၁.၇၇% သည်အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများဖြစ်ကြပါသည်။အဆင်ပြေသောအိမ်ထောင်စု (၂၃) အိမ်နှင့် အလယ်အလတ်အိမ်ထောင်စု (၁၂၆) စုရှိပါသည်။ ကျေးရွာ၏ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀%ကို စားနပ်ရိက္ခာဖူလုံမှုစစ်တမ်း ကောက်ယူခြင်းအရ အများစုသည်နပ်ကျော်စားခြင်း၊လျှော့စားခြင်း၊ ပြောင်းလဲစားသုံးခြင်းများမတွေ့ရပါ။ ၃ လအောက်ဖူလုံသော အိမ်ထောင်စု (၄)စုနှင့် ၃လနှင့် ၆လကြားဖူလုံသောအိမ်ထောင်စု (၂၅)စုနှင့်၆ လမှ၁၂ လကြားဝမ်းစာဖူလုံသော အိမ်ထောင်စု(၁၈)စု ရှိသည်ကိုတွေ့ရှိရပြီး၊ ချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်း၊ အထောက်ပံ့ယူခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။

ကျေးရွာသည်သဘာဝရင်းမြစ်ရှားပါးမှုမှာထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင်သစ်တောများထင်းများ ားစည်းကမ်းမဲ့ခုတ်လှဲခြင်းနှင့်မီးသွေးထုတ်လုပ်ခြင်းကြောင့်သစ်တောပြုန်းတီးခြင်းနှင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု ဝေးလံခေါင်သီမှုမှာမြင့်မားလျှက်ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ ရာသီပေါ်တုတ်ကွေးရောဂါ အနည်းငယ်သာ ဖြစ်ပွားမှုရှိပြီးဆေးအချိန်မီစားသုံးရသောကြောင့်ပျောက်ကင်းလွယ်ပါသည်။မူလတန်းကျောင်းတွင်ကလေးသူငယ်များအတွက်ပိုလီယိုရောဂါကာကွယ်ဆေး၊စုပေါင်းကာကွယ်ဆေးထိုးနှံမှု ၊အာဟာရတိုက်ကျွေးမှုအစီအစဉ်များလည်း ပြုလုပ်ကြပါသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှု။ ။ ကျေးရွာသည် စာတတ်မြောက်မှု နိမ့်ကျသည်ဟု သုံးသပ်နိုင်ပါသည်။ အများစုသည် မူလတန်းအဆင့်ရှိသူ (၇၀%) နှင့် အလယ်တန်းအဆင့် ရှိသူ (၁၂.၃၄%) ရှိကြောင်းတွေ့ရပါသည်။ အထက်တန်းအဆင့်ရှိသူ (၂.၈%)နှင့်တက္ကသိုလ် ကောလိပ်အဆင့်ရှိသူ (၁.၂၄%)သာရှိပါသည်။ ကျေးရွာတွင်အလယ်တန်းကျောင်းရှိပြီး မူလတန်းကျောင်းသူ/ သား(၁၅၇)ဦး၊ အလယ်တန်းကျောင်းသူ/သား (၁၀၇)ဦးနှင့်အထက်တန်း ကျောင်းသူ/သား(၃၁)ဦးရှိပါသည်။တက္ကသိုလ်ကျောင်းသူသား(၁၅)ဦးရှိပါသည်။မန္တလာကောလိပ်နှင့်ရတနာပုံတက္ကသိုလ်သို့တက်ရောက်ကြပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု။ ။ ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာကွာခြားမှုမရှိပါ။ ကျေးရွာစီမံခန့်ခွဲမှုကဏ္ဍတွင်ထုံးတမ်းဓလေ့အရအမျိုးသမီးပါဝင်မှုအလွန်နည်းပါးသည်။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများဦးဆောင်ခွင့်မရသော်လည်း ပါဝင်ခွင့်ရကြပါသည်။

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။ကျေးရွာတွင်ပက်မြန်မာအဖွဲ့၊ စမ္မစကြံဳ၊ လမ်းကော်မတီ၊ လုံခြုံရေးနှင့်ကာကွယ်ရေးအဖွဲ့စသည့် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများရှိပါသည်။ ဘာသာရေး၊ ကျေးရွာ၏သာရေးနာရေးနှင့်ငွေရေးကြေးရေးကိစ္စများကို လုပ်ဆောင်ကြပါသည်။ အမျိုးသား၊ အမျိုးသမီးများပါဝင်ကြသည်ကို တွေ့ရပါသည်။ စွမ်းဆောင်နိုင်မှုလည်းအသင့်တင့်သာရှိပြီးဦးဆောင်နိုင်မှုနှင့်ပူးပေါင်းပါဝင်မှုအားနည်းသည်ကိုတွေ့ရသည်။အဖွဲ့စည်းဆိုင်ရာစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးဆိုင်ရာအသိအမြင်များ၊ မှတ်တမ်းမှတ်ရာစနစ်တကျ ထားသိုနိုင်ရန် သင်တန်းများပံ့ပိုးပေးရန် လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ တောင်သူ (၈၅၁) ဦးရှိပါသည်။ စုစုပေါင်းလယ်မြေက (၁၁၄)ဧကနှင့်ယာမြေ (၂၃၉၉) ဧကရှိပါသည်။ မြေဆီဩဇာအသင့်အတင့်ကောင်းမွန်ကြပါသည်။ စိမ့်စမ်းနှင့်အဝီစီရေတွင်းတို့မှရေသွယ်ယူစိုက်ပျိုးနိုင်ပါသည်။ တစ်နှစ်ပတ်လုံးရရှိပြီး၊ လုံလောက်မှုရှိပါသည်။ စပါး၊ ပြောင်း၊ မြေပဲတို့ကိုအဓိကစိုက်ပျိုးကြပါသည်။ စပါးတစ်ဧကလျှင်တင်း ၄၀ မှ ၇၀အထိထွက်နှုန်းရရှိပါသည်။ ဇွန် လမှဩဂုတ်လအတွင်းစိုက်ပျိုးကြပါသည်။အခြားသီးနှံများမှာအထွက်နှုန်းအသင့်အတင့်ထွက်ရှိပါသည်။စပါးသည်ဈေးနှုန်းအတက်အကျသင့်၍အမြတ်ရရှိမှုလည်းရှိပါသည်။ ကျေးရွာတွင်ထွန်စက်ကြီး(၁၇)စီး၊ လက်တွန်းထွန်စက်(၆)စီး၊ အစေ့ချစက်(၁)စီး၊ ခြွေလှေ့စက်(၇)စီး၊ ရေစုပ်စက်(၁၈)စီးနှင့် မြက်ရိတ်စက်(၁၀)စီးရှိပါသည်။ စိုက်ဘဏ်မှ စိုက်ပျိုးရေး ချေးငွေရရှိပါသည်။ သီးနှံမျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေးများကို ပြင်ဦးလွင်မြို့တွင်သာ ဝယ်ယူလက်လှမ်းမီပါသည်။ လယ်ယာလုပ်သားအသင့်အတင့်ပေါများပါသည်။ ပိုးမွှားရောဂါကာကွယ်ရေးအတွက် စိုက်ပျိုးရေးနည်းပညာလက်လှမ်းမီမှုနည်းပါးသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုများကောင်းသော်လည်း ဈေးကွက်မှာတည်ငြိမ်မှုမရှိပါ။ ကုန်စည်များ

သယ်ယူပို့ဆောင်ရာတွင်အဆင်ပြေသော်လည်း ဈေးကွက်မှာပွဲရုံ၊ ပွဲစားများသာချယ်လှယ်နေပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုနည်းပညာဗဟုသုတများဖြန့်ဝေပေးသင့်ပါသည်။

ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မှု နည်းသည်ကိုတွေ့ရသည်။ မွေးမြူရေးကိုစိုက်ပျိုးထွန်ယက်ရန် အတွက်သာ တပိုင်တနိုင်မွေးမြူကြခြင်းသာရှိပါသည်။ ခိုင်းကျွဲ(၆၄၀)ကောင်၊ ဝက်(၄၄)ကောင်၊ ကြက်(၃၃၇)ကောင် ခန့်သာမွေးမြူမှုရှိသည်။မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန်အခွင့်အလမ်းနည်းပါးသော်လည်း မွေးမြူရေးအစာ၊ ရေအသင့်အတင့်ရရှိနိုင်ပါသည်။ ပြင်ဦးလွင်မြို့နှင့်နီး၍ မွေးမြူရေးထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ပါသည်။ မွေးမြူရေးချေးငွေသီးသန့်မရှိသော်လည်း သမဝါယမအသင်းမှချေးငွေရရှိပါသည်။ မြို့နယ်တွင် တိရစ္ဆာန်ဆေးခန်းစုံ ရှိပါသည်။ ရောဂါဖြစ်ပွားမှုသာလျှင် လာရောက်ဆေးထိုးကြပါသည်။ သို့သော်နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်မှု မလုပ်ဆောင်ဖူးသေးပါ။ မိသားစုအပိုဝင်ငွေရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့မွေးမြူသင့်ပါသည်။တစ်နိုင်တစ်ပိုင်မွေးမြူရေးအတွက်အခြေခံမွေးမြူရေးပညာများလိုအပ်ပြီး၊ ကျေးရွာအတွင်း မွေးမြူရေးလုပ်သားများရှိပါက ကျေးရွာအတွင်းကုသကာကွယ်ရေးလက်လှမ်းမီလာနိုင်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။** ။ ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများအဖြစ်များများစားစားမတွေ့ရပါ။ အရောင်းအဝယ်လုပ်ငန်း၊အိမ်ဆိုင်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ပန်းရံလုပ်ငန်းစသော လုပ်ငန်းများသာတွေ့ရပါသည်။ ကျေးရွာအခြေပြုထုတ်ကုန်လုပ်ငန်းများကိုမူ မတွေ့ရပါ။ မြို့နှင့်အလှမ်းဝေးပြီးလမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ အလုပ်ကိုင်အခွင့်အလမ်းနည်းပါးသည်။ လုပ်ငန်း လည်ပတ်ရန်အရင်းအနှီးငွေကြေး၊ လုပ်ငန်းနှင့်ပက်သက်သောနည်းပညာများသည် အခက်အခဲများဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာအခြေပြုအသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာစေရန်ချေးငွေအစီအစဉ်များ၊ဈေး ကွက်၊နည်းပညာချိတ်ဆက်မှုများနှင့်အတူအခြေခံအဆောက်အဦကဏ္ဍများပါ ဖွံ့ဖြိုးရန်လိုအပ်ပါမည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။ကျေးရွာတွင်မြေဆီမြေဩဇာအခြေအနေအသင့်တင့် ကောင်းမွန်သော်လည်းတောင်သူများအနေဖြင့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးဘူး များသာ အသုံးပြုမှုများ၍ပွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ ပိုးသတ်ဆေးဘူးခွံများကို စည်းကမ်းမဲ့ပွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမြင့်သည်ကိုတွေ့ ရသည်။

(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ကျေးရွာတွင် စိုက်ဘဏ်မှစိုက်ပျိုးရေးချေးငွေရရှိပါသည်။ ရရှိသောချေးငွေမှာကာလတိုချေးငွေဖြစ်ပြီး၊ ချေးငွေကာလမှာ ၆ လဖြစ်ပါသည်။ တစ်ဧကလျှင် တစ်သိန်းရပါသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ပုံမှန်ထုတ်ချေးပါသည်။ငွေတိုးပေးသူထံမှ လည်းချေးငွေရယူနိုင်ပါသည်။ အတိုးနှုန်း ၂ ကျပ်မှ ၅ကျပ်ခန့်ရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပါသည်။ မူလတန်းအရွယ်ကလေးငယ်များအားလုံးမူလတန်းပညာကိုလက်လှမ်းမီကြပါသည်။ ကျောင်းနှင့်နီး၍စက်ဘီးဖြင့် တက်ရောက်ကြပါသည်။ စာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်းဧရိယာသည် ၂၀၁၆စတုရန်းပေရှိပါသည်။ သွပ်မိုး၊ အုပ်ကာ၊ တမံတလင်းခင်းထားပြီး ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂများလုံလောက်မှုရှသည်။ ကျောင်း အိမ်သာသည် ယင်လုံအိမ်သာဖြစ်ပြီးကောင်းမွန်သော်လည်း ကျောင်းသူ/ကျောင်းသားအချိုးအရလုံလောက်မှုမရှိပါ။ အာဟာရတိုက်ကျွေးမှုအစီအစဉ်များတိုက်ကျွေးမှုအစီစဉ်များရံဖန်ရံခါရှိပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်း

နည်းသည်။ မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ်များမရှိပါ။ ကျောင်းအားကစားကွင်းရှိပြီးအားကစားပစ္စည်းများ လက်လှမ်းမီမှုမရှိပါ။ မိဘဆရာအသင်း၏စိတ်ပါဝင်စားမှုမှာ အသင့်အတင့်သာရှိပြီးတက်ကြွစွာပါဝင်မှုအားနည်းသည်။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်လာရောက်ထိုးပေးပါသည်။ အခြေခံကျန်းမာရေးပညာပေးအစီအစဉ်နည်းပါးသည်။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး အရေးပေါ်လူနာများအတွက် ပြင်ဦးလွင်မြို့ပြည်သူ့ဆေးရုံ၊ပုဂ္ဂလိကဆေးရုံ/ဆေးခန်း၊မန္တလေး ဆေးရုံကြီးများသို့ သွားရောက်ကြပါသည်။ ပြင်ဦးလွင်မြို့နှင့် ၂၄ မိုင်၊ ခန့်ဝေး၍ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများကို အချိန်မီနှင့်အလွယ်တကူရရှိရန်လိုအပ်ပါသည်။

ကျေးရွာတွင်ရေတွင်း(၂၁၂)တွင်းနှင့် အဝီစိစက်တပ်တွင်း(၁၀)တွင်းရှိပြီးသောက်သုံးရန် ကောင်းမွန်၍ နွေမိုးဆောင်း လုံလောက်မှုရှိပါသည်။ သောက်သုံးရေပြဿနာမရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေသန့်ရှင်းရန်လိုအပ်ပါသည်။ အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြပါသည်။ အခြေခံကျန်းမာရေးဗဟုသုတများအသင့်တင့်ရှိကြပါသည်။ကျန်းမာရေးဆိုင်ရာအတွက်ဖုံးသွန်လှဲစစ်များကို ပုံမှန်လာရောက် စစ်ဆေးခြင်းမရှိပါ။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။ ကျေးရွာတွင် အပန်းဖြေရန် နေရာသီးသန့်နေရာမရှိပါ။ ကျေးရွာအနီးပြင်ဦးလွင်မြို့ဘုရားပွဲများနှင့်တန်ဆောင်တိုင်မီးပုံးပျံပွဲများသို့ သွားရောက်လေ့ရှိကြပါသည်။ ဘောလုံးပွဲများကြည့်ခြင်းဖြင့် အပန်းဖြေကြပါသည်။ လူငယ်များသည်အလှူမင်္ဂလာဆောင်ပွဲများ၊ ကျွေးမွေးဧည့်ခံခြင်းလုပ်ငန်းများ၊ ပဌာန်း၊ဓမ္မစကြာရွတ်ခြင်းစသောဘာသာရေးလုပ်ငန်းများ၊ လမ်းပြုပြင်ခြင်း၊ ဘုန်းကြီးကျောင်းသန့်ရှင်းရေးစသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊သကြန်ပွဲအခါသက်ကြီးပူဇော်ပွဲများပြုလုပ်ရာတွင်ပါဝင်ကြပါသည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိသော်လည်းလေ့လာဖတ်ရှုရန်ဗဟုသုတအသိအမြင်နည်းပါးသည်။ လူငယ်တိုင်းလိုလို အင်တာနက်အသုံးပြုကြသော်လည်း ဖေ့စ်ဘုတ်၊ ဗိုက်ဘာ တို့ကိုသာ အများဆုံးအသုံးပြုကြပြီး အရေးကြီးသော စီးပွါးရေး၊ ပညာရေး၊ နိုင်ငံရေး၊ သတင်းတို့တွင်လေ့လာမှု အားနည်းနေသေးသည်။ အင်တာနက်ဝက်ဆိုက်များ ဝင်ရောက်လေ့လာရန်လည်းဗဟုသုတနည်းနေသေးသည်။

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။ ။ ကျေးရွာချင်းဆက်လမ်းနှင့်ကျေးရွာတွင်းလမ်းသည်ကျောက်ခင်းလမ်းဖြစ်ပြီး မိုးရာသီတွင်နှစ်စဉ်နှစ်တိုင်းရေကြီးခြင်းတို့ကြောင့်မိုးရေတိုက်စားပြီးသွားလာရန်ခက်ခဲသည်။ထို့ကြောင့်တစ်နှစ်ပတ်လုံးသွားလာနိုင်မရှိ၍ပြုပြင်ရန်လိုအပ်ပါသည်။စက်ဘီး၊ ဆိုင်ကယ်၊သုံးဘီးကား၊ထော်လာကျီကားများကို အသုံးပြုသွားလာကြပါသည်။ ကျေးရွာတွင် လျှပ်စစ်ခါတ်အားမရရှိသေး၍ အိမ်ခြေအားလုံးဆိုလာနှင့်ဒီဇယ်သုံးအင်ဂျင်ကိုသာသုံးစွဲကြရသည်။ ကျေးရွာတွင်လျှပ်စစ်မီးလင်းရေးအတွက်လည်း ကိုယ်ထူကိုယ်ထဆောင်ရွက်လျက်ရှိသော်လည်း ရန်ပုံငွေနည်းပါးခြင်းကြောင့် အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါ။ ကျေးရွာတွင် တယ်လီဖုန်းဆက်သွယ်မှုများလည်း ကောင်းမွန်ပါသည်။ ကျေးရွာတွင်ဖုန်းအသုံးပြုမှုလည်းများပါသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာသည် ပြင်ဦးလွင်မြို့နှင့် ၂၄မိုင်ခန့်ဝေးကွာ၍ ရဲဘက်ဆိုင်ရာဝန်ဆောင်မှုများအတွက် ပိတ်ချင်းမြောင်တိုက်နယ်ရဲစခန်းနှင့်၂၀ မိုင်ခန့်ရှိ၍လက်လှမ်းမီပါသည်။ ထို့အပြင် ကျေးရွာမှုခင်းဖြစ်ပွားမှုနည်း၍ တည်ငြိမ်အေးချမ်းပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများ အတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေး လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့်အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီးပါသည်။ စိုက်ပျိုးရေးလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများမရရှိကြပါ။ တစ်နိုင်တစ်ပိုင် မွေးမြူရေး ချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင်လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ပညာရေးအခြေခံအဆောက်အဦများဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေးတတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာအခြေခံ အဆောက်အဦများဖြည့်ဆည်းပေးရန်လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များလိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်။ ။ ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့် အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်းစီမံကိန်းငါးနှစ်တာအတွင်းထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင် ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း။ ။ အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ဆိုင်ရာအချက်အလက်များ ခွဲခြမ်း သုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကိုသိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်လုပ်ငန်းများ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါသည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည်မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ၄ားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့(Humanitarian Support)

(ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာ၏ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကိုအခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။အခြေခံအဆောက်အဦ	၁။ ကျေးလက်လမ်း၊တံတား	၁၅၀	၁		
၂။စိုက်ပျိုးရေး	၂။သီးနှံအထွက်တိုး	၁၀၉	၂		
	၃။စိုက်ပျိုးမြေ	၁၀၀	၃		
	၄။စိုက်ပျိုးရေးနည်းပညာ	၈၄	၇		
၃။သယံဇာတနှင့်သဘာဝပတ်ဝန်းပတ်ဝန်းကျင်	၅။သစ်တော	၉၅	၄		
၄။ကျန်းမာရေး	၆။ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ကာကွယ်ဆေးထိုးခြင်း	၈၇	၅		
	၇။ကျန်းမာရေးပညာပေး၊ကျောင်းကျန်းမာေး				
	၈။လူနာတင်ကား၊ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့စသည်...				
၅။အခြေခံအဆောက်အဦ	၉။သောက်ရေနှင့်သန့်ရှင်းရေး	၈၇	၅		
၆။လူငယ်နှင့်အားကစား	၁၀။အားကစား	၈၅	၆		
	၁၁။လူငယ်အခွင့်အလမ်း				
၇။မွေးမြူရေးနှင့်ငါးလုပ်ငန်း–	၁၂။တိရိစ္ဆာန်မွေးမြူရေး	၇၇	၈		

ကဏ္ဍာ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
မွေးမြူရေးဆေး ပညာ					
	၁၃။မွေးမြူ(ရေချို)				
၈။ပညာရေး	၁၄။ကျောင်းအဆောက်အဦပရိဘောဂ၊သင်ထောက်ကူ	၇၆	၉		
၉။အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	၁၅။အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	၆၆	၁၁		
၁၀။သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်	၁၆။သဘာဝဘေးလျော့ချရေး	၅၉	၁၂		

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက် ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ					
			၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	မှတ်ချက်
၁	ကျေးလက်လမ်း၊တံတား	၁			√			
၂	သီးနှံအထွက်တိုး	၂				√		
၃	စိုက်ပျိုးမြေ	၃				√		
၄	စိုက်ပျိုးရေးနည်းပညာ	၇					√	
၅	သစ်တော	၄						√
၆	ကျေးလက်ကျန်းမာရေးဆေးပေး ခန်း၊ကာကွယ်ဆေးထိုးခြင်း	၅					√	
၇	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး						√	
၈	လူနာတင်ကား၊ကျန်းမာရေး ဝန် ဆောင်မှုအဖွဲ့စသည်...						√	
၉	သောက်ရေနှင့်သန့်ရှင်းရေး	၅					√	
၁၀	အားကစား	၆						√
၁၁	လူငယ်အခွင့်အလမ်း							√
၁၂	တိရိစ္ဆာန်မွေးမြူရေး	၈				√		
၁၃	မွေးမြူ(ရေခို)					√		
၁၄	ကျောင်းအဆောက်အဦ၊ပရိ ဘောဂ၊သင်ထောက်ကူ	၉					√	
၁၅	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	၁၁			√			

စဉ်	စီမံချက်	ဦးစားပေးအဆင့်	ကာလ ၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	မှတ်ချက်
၁၆	သဘာဝဘေးလျော့ချရေး	၁၂			√			

၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲ ချိန်တွင်ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	စုစုပေါင်းခန့်မှန်းဘက်ဂျက် (ကျပ်)	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု	ငွေလုံးငွေရင်းအသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျေးလက်လမ်းတံတား			√		
၂	သီးနှံအထွက်တိုး			√		
၃	စိုက်ပျိုးမြေ			√		
၄	စိုက်ပျိုးရေးနည်းပညာ			√		
၅	သစ်တော			√		

၆	ကျေးလက်ကျန်းမာရေးဆေး ပေးခန်း၊ကာကွယ်ဆေးထိုးခြင်း	√	
၇	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	√	
၈	လူနာတင်ကား၊ကျန်းမာရေး ဝန် ဆောင်မှုအဖွဲ့စသည်...	√	
၉	သောက်ရေနှင့်သန့်ရှင်းရေး	√	
၁၀	အားကစား		
၁၁	လူငယ်အခွင့်အလမ်း		√
၁၂	တိရိစ္ဆာန်မွေးမြူရေး	√	
၁၃	မွေးမြူ(ရေချို)	√	
၁၄	ကျောင်းအဆောက်အဦ၊ပရိ ဘောဂ၊သင်ထောက်ကူ	√	
၁၅	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး		√
၁၆	သဘာဝဘေးလျော့ချရေး	√	

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံချက်လုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်း သည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည်

မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြသော သတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုး ရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသောကော်မတီကို ဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက် ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းတွင်းလမ်းဂျင်းခင်းခြင်းလုပ်ငန်းတွင် ကျေးရွာသူ/သားများထံမှ ထည့်ဝင်ငွေကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင်လမ်းပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့်ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများ အား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက် ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍာအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှု ကို တိုင်းတာမည့်အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက် သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သောအခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(c) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံ မှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၂၃	၃၉
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၆၅	၅၀	၁၁၅
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇၉	၈၄	၁၆၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၅	၇၈	၁၅၃
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၃၅	၄၂၃	၈၅၈
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၅	၂၆	၄၁
စုစုပေါင်း		၆၈၅	၆၈၄	၁၃၆၉
စုစုပေါင်း အိမ်ထောင်စု				၃၀၉

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)

နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက်(၁)နှစ်ပြည့်အရွယ်မှ (၅)

နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀)

နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)

နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၀၉)မှ လူဦးရေပေါင်း(၁၃၆၉)(က ၆၈၅+မ ၆၈၄)ရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄.၄%)ရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှလူဦးရေတိုးပွားမှု ၅ ယောက် နှုန်းထက် အနည်းငယ်သာ လျှော့နည်းလျက်ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ ၈၅၈ ဦး(၆၂.၆၇%))ရှိပြီး၊ မှီခိုသူဦးရေမှာ ၅၃၈ဦး (၃၉.၃%))သာရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သောအရွယ်လူဦးရေမှာ အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။၄င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုများ ထောက်ပံပေးခြင်း၊တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် လားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သောလူဦးရေမှာ အမျိုးသမီးဦးရေထက် (၁၂)ဦး(၀.၈၇%)၊ ပိုများသည်ကိုလည်းတွေ့ရပါသည်။ တစ်နှစ်အောက်လူဦးရေမှာ ၃၉ဦး(၂.၈၄%)သာရှိသဖြင့် လူဦးရေမွေးဖွားနှုန်းနည်းသည်ကိုတွေ့ရသည်။ တစ်နှစ်နှင့်၅နှစ်အောက်လူဦးရေ ၁၁၅ ယောက်(၈.၄%)ရှိသဖြင့် ၅နှစ်အောက်ကာကွယ်ဆေးထိုးရမည့်အရေအတွက်ကို အတိအကျသိရှိနိုင်သည်။ မူလတန်းနှင့်အလယ်တန်းကျောင်းနေအရွယ်လူဦးရေကိုလည်း သိရှိရသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ နှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်ပါသည်။ ၆၅နှစ်နှင့်အထက် သက်ကြီးရွယ်ကြီး ၄၁ယောက်(၂.၉၉%)ရှိသဖြင့် ကျန်းမာရေးအခြေအနေ အလွန်အားနည်းကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။သက်ကြီးရွယ်ကြီးတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်၉ဦးပိုများနေသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ပိုရှည်သည်ကိုတွေ့ရသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိကဝင်ငွေ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	ရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၀၄	၈၅၁		မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ်နိမ့်
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေ ရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၉	၁၁	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေ ရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း			၂	မြင့်လတ်နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေ ရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း			၁	မြင့်လတ်နိမ့်
	စုစုပေါင်း	၃၀၉	၈၆၀	၁၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏အဓိကအသက်မွေးဝမ်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း ကျေးရွာရှိအိမ်ခြေစုစုပေါင်း(၃၀၉)အနက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်သူ(၃၀၄)အိမ်၊ လက်လီ-လက်ကားရောင်းဝယ်ရေးလုပ်ကိုင်သူ(၅)အိမ် ရှိသည်။ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းများကိုသာ လုပ်ကိုင်ကြသည်။ ၄င်းလုပ်ငန်းများတွင်လုပ်ကိုင်နေကြသောမိသားစု ဝင်လုပ်အားမှာ (၈၆၀)ဦးရှိသည်ကိုလေ့လာတွေ့ရှိရသည်။ အလုပ်လုပ်နိုင်သော အရွယ်(၈၅၈) ဦးရှိသော်လည်း

အလုပ်လုပ်နေသူ(၈၆၀)ဦးဖြစ်သောကြောင့် အလုပ်လုပ်နိုင်သောအရွယ်ဦးရေထက်(၂)ဦးပိုများနေသည်။
၄င်း(၂)ဦးမှာ ကျောင်းနေအရွယ်တွင် မိသားစုဆင်းရဲသောကြောင့် ကျောင်းထွက်၍
အလုပ်လုပ်နေရခြင်းကြောင့်ဖြစ်သည်။ ကျေးရွာတွင်အလုပ်လက်မဲ့သူ ဦးရေမရှိပါ။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၅၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၉၀၀၀	၄၅၀၀	၇၅၀၀	၃၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၂၀၀၀	-	၁၀၀၀၀-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-		-	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား(၃)မျိုးရှိသည်ကိုတွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားအများဆုံးလုပ်ခမှာ(၅၀၀၀)ကျပ်နှင့်အနည်းဆုံးလုပ်ခမှာ(၄၀၀၀)ကျပ်ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ(၃၅၀၀)ကျပ်ဖြစ် ပြီး အနည်းဆုံးလုပ်ခမှာ(၃၀၀၀)ကျပ်ဖြစ်ပါသည်။ ဆောက်လုပ်ရေး၊ ပန်းရံ ၊ လက်သမားလုပ်ငန်းတွင် အမျိုးသားအများဆုံးလုပ်ခမှာ(၉၀၀၀)ကျပ်နှင့် အနည်းဆုံး လုပ်ခမှာ(၇၅၀၀)ကျပ် ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ(၄၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ(၃၅၀၀)ကျပ်ဖြစ်ပါသည်။ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေးလုပ်ငန်းများတွင် အမျိုးသားအများဆုံးလုပ်ခမှာ(၁၂၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ(၁၀၀၀၀)ကျပ်ဖြစ်သည်။၄င်းလုပ်ငန်းများတွင်အမျိုးသမီးများလုပ်ကိုင်လေ့မရှိပါ။

ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့်လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုခြင်းတူသော်လည်း လုပ်အားခအနေဖြင့် ကျား/မခွဲခြားမှု၊မမျှတမှုရှိသည်ကိုတွေ့ရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၁၁၄	ကောင်း □ သင့်□ ညံ့ □
ယာမြေ / တောင်ယာမြေ	၂၃၉၉	ကောင်း □ သင့်√ ညံ့ □
ဥယျာဉ်ခြံမြေ	၂၇	ကောင်း □ သင့်√ Â ညံ့ □
ကိုင်း/ ကျွန်းမြေ		ကောင်း □ သင့်□ ညံ့ □
ခနိတောမြေ		ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ	၂၄	ကောင်း □သင့်□ညံ့ □
မြေလွတ်မြေလပ်	၂၃၅	ကောင်း □ သင့်□ ညံ့ □
စုစုပေါင်း	၂၇၉၉	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၁၄)ဧက၊
